


mgyee.com

mgyoe.com

သမီးတွေက အံ့ဩစရာကောင်းတဲ့
အလုပ်တွေ လုပ်လေ့ရှိကြတယ်။
သူတို့လုပ်လိမ့်မယ်လို့ သင် ထင်မထားတဲ့
အံ့ဩစရာ အလုပ်တွေပေါ့။
မတူကွဲပြားခြားနားတဲ့ အလုပ်တွေ၊
အံ့အားသင့်စရာ အလုပ်တွေ၊
သင်မက်ခဲ့ဖူးသမျှ အိပ်မက်တွေထက်
ပိုကောင်းတဲ့ အလုပ်တွေပေါ့။

HH0004
900.00 KS

mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၈၉၊ မဂိုးရိပ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၃၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၉ ၀ ၀ ကျပ်

၈၀၈.၈၄

သမီးအတွက်စာအုပ်ကလေး
ထွန်းထက်၊ -ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၃၊
စာမျက်နှာ ၇၃ မျက်နှာ၊ ၉.၅ စင်တီ × ၁၂.၅ စင်တီ
(၁) သမီးအတွက်စာအုပ်ကလေး

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# သမီးအတွက် စာအုပ်ကလေး

ထွန်းထက်–ပြန်ဆိုသည်။

mgyoe.com

မထမအကြိမ်

mgyoe.com

mgyoe.com

mgyoe.com

## ဝက်မြီး မြင်းမြီးပုံ ဆံပင်စည်းကလေးများနှင့်

မိန်းမငယ်ကလေးအတွက် ကောင်းကင်ဘုံတွေကို ကျေးဇူးတင်ပါ။ ဝက်မြီးဆံပင်၊ မြင်းမြီးဆံပင်လေးတွေနဲ့ ဂျင်းဘောင်းဘီ၊ ဂျင်းအကျီ ဝတ်ထားတဲ့၊ ပါတီတက် ဝတ်စုံဝတ်ဆင်ထားတဲ့၊ သစ်ပင်တွေကိုတက်နေတဲ့၊ စာအုပ်တွေဖတ်နေတဲ့၊ သကြားခဲစုပ်နေတဲ့၊ ကျွမ်းထိုးနေတဲ့၊ မိတ်ဆွေဖြစ်လိုက် ရန်ဖြစ်လိုက်လုပ်နေတဲ့ အဲဒီ မိန်းမငယ်ကလေးတွေဟာ ကမ္ဘာလောကကြီးထဲ



mgyoe.com

mgyoe.com

ကို သူတို့ရဲ့ အထူးညှို့ငင်မှု၊ ပြည့်စုံတဲ့ ဝမ်းမြောက်ပျော်ရွှင်မှု၊ လူသားချင်းဆက်ဆံရေးနယ်ပယ်အတွင်းက နူးညံ့မှု၊ ပျော်ရွှင်မှု၊ ဝမ်းနည်းမှုနဲ့ စိတ်ပိုင်းဆိုင်ရာ သစ္စာတရားတို့နဲ့ပတ်သက်ဆက်နွှယ်နေတဲ့ သိမ်မွေ့နူးညံ့မှုတို့ကို ယူဆောင်လာပါတယ်။

ဗီရှဲလ်ဂွင်းနက်စ်

("အသံများ၏ ရောင်စုံချည်ထိုးပန်းချီကား" စာအုပ်မှ)



mgyoe.com

mgyoe.com

## ကျွန်မ တစ်ခါမှမသိခဲ့ဖူးတဲ့ နူးညံ့သိမ်မွေ့မှု

လူ့လောကထဲရောက်လာတဲ့အချိန်က စလို့ ကျွန်မ သမီးလေးက ကျွန်မဆီကနေ ကျွန်မပိုင်ဆိုင်တယ်လို့ ဘယ်တုန်းကမှ သိမထားခဲ့တဲ့ နူးညံ့သိမ်မွေ့မှု၊ ကာကွယ်စောင့်ရှောက်လိုစိတ်နဲ့ တိုက်ပွဲဝင်စိတ်ဓာတ်တို့ကို ဆွဲယူသွားခဲ့ပါတယ်။ သမီးမွေးတဲ့နေ့မှာ ကျွန်မဟာ ကမ္ဘာကြီးကို နေ့ချင်းညချင်း ပြောင်းလဲပစ်လိုက်ချင်တဲ့ဆန္ဒတွေ ပေါ်ထွက်လာခဲ့တယ်။ ဟောဒီ မိန်းကလေး



mgyoe.com

mgyoe.com

ပိစိကွေးတွေအတွက်၊ ကျွန်မရဲ့အိပ်မက်တွေ
အာသာဆန္ဒတွေအားလုံး ကိန်းဝပ်နေတဲ့ ဟောဒီ
အရာကလေးအတွက် ပိုပြီး သေးကင်းလုံခြုံတဲ့၊
ပိုပြီး လွယ်ကူတဲ့၊ ပိုပြီးကောင်းမွန်တဲ့နေရာတစ်ခု
ဖြစ်သွားအောင် ပြောင်းလဲပစ်လိုက်ချင်တာလေ။

မီရှဲလ်ဝွင်းနက်စ်

("အသံများ၏ ရောင်စုံချည်ထိုးပန်းချီကား" စာအုပ်မှ)



mgyoe.com

mgyoe.com

## သမီးဆိုတာ ဘာလဲ

သမီးတစ်ယောက်ဆိုတာ နိဒါန်းသစ်တစ်ခုပဲ။ သမီးဆိုတာ ယမင်းရုပ်အိမ်တစ်လုံးဆောက်ဖို့အတွက် သင့်ရဲ့အကြောင်းပြချက်၊ သင်ဆယ့်လေးနှစ်သမီး အရွယ်မှာ ဘယ်လိုတွေပြုမူခဲ့တယ်ဆိုတာကို သင် စိတ်မသက်မသာ ပြန်လည်သတိရမြင်ယောင်စေတဲ့ အရာတစ်ခု၊ ထပ်ခိုးခန်းထဲက ဖုန်တက်နေတဲ့အရာ အားလုံးက ပိုင်ဆိုင်တဲ့လူ၊ သူ့ အသက် နှစ်ဆယ့်တစ်



mgyoe.com

mgyoe.com

နှစ်ပြည့်ရင် သူနဲ့ပတ်သက်တဲ့ သင့်ရဲ့စိုးရိမ်ပူပန်မှုတွေ ပျောက်ကွယ်သွားလိမ့်မယ်လို့ သင်ယူဆခဲ့တဲ့သူ၊ ဒါပေမဲ့ သူ့အသက် လေးဆယ့်ငါးနှစ်မှာတောင် သူ့အတွက် သင့်ရဲ့ စိုးရိမ်ပူပန်မှုတွေ ဆက်ရှိနေသေးတဲ့သူ ဖြစ်တယ်။

ပင်ဘာရောင်း (၁၉၂၈)



mgyoe.com

mgyoe.com

## နို့စို့အရွယ် မိန်းကလေးရဲ့ တန်ခိုးစွမ်းပကား

နို့စို့အရွယ် မိန်းကလေးငယ်ရဲ့ တီးတိုးပြောဆိုသံကို ခြင်္သေ့တစ်ကောင်ရဲ့ ဟိန်းဟောက်သံထက်ပိုပြီး ကျယ်ကျယ်လောင်လောင် ကြားနိုင်တယ်။

အာရပ်စကားပုံ



mgyoe.com

mgyoe.com

သူမရဲ့ လက်မောင်းသေးသေးလေးကို ထုပ်ပိုက်ထားခဲ့သလား။ ဘာမှမဟုတ်ပါဘူး။ သူမကို အဲဒီ တက်ဒီဝက်ဝံရုပ်ကလေးတွေ၊ ယမင်းရုပ်လေးတွေ၊ စာအုပ်တွေအားလုံး ငါဝယ်ပေးချင်လိုက်တာ။

စတူးဝဝ်မက်ဇာလင်း



mgyoe.com

mgyoe.com

## မိန်းမငယ်လေး

သူမဟာ သင့်ရဲ့အိမ်၊ သင့်ရဲ့ဆံပင်၊ ပြီးတော့ သင့်ရဲ့ဂုဏ်ကျက်သရေကို ညစ်ပတ်ပေပွအောင် လုပ်နိုင်တယ်။ သင့်ရဲ့ငွေ၊ သင့်ရဲ့အချိန်၊ ပြီးတော့ သင့်ရဲ့ စိတ်ရှည်သည်းခံမှုကို ကုန်ခန်းသွားအောင် သုံးစွဲပစ်နိုင်တယ်။ နောက်တော့ သင့်ရဲ့သည်းခံနိုင်စွမ်း ကွဲအက်ဖို့ အဆင်သင့်ဖြစ်ချိန်မှာ သူမရဲ့ နေရောင်ခြည်က တိတ်တိတ်ကလေးဝင်လာတယ်။ အဲဒီမှာတင် သင်နောက်တစ်ကြိမ် ပျောက်ဆုံးလွင့်မျောရပြန်ပြီပေါ့။

အလန်ဘက်



mgyoe.com

mgyoe.com

ကျွန်တော်ဟာ သူမရဲ့အချစ်အတွက် အရူး
တစ်ယောက်ပါ။

နီကိုလပ်စ်လာဇက်



mgyoe.com

mgyoe.com

သမီးတစ်ယောက်ရဲ့ ဖခင်ဆိုတာ အဆင့်မြင့် ဓားစာခံတစ်ယောက်ကလွဲပြီး ဘာမှမဟုတ်ပါဘူး။ ဖခင်တစ်ယောက်ဟာ သူ့သားတွေကို မျက်နှာတင်းတင်းနဲ့ ကြည့်တယ်။ သူတို့ကို ဒေါသနဲ့ ဝေဖန်ပြောဆိုတယ်။ သူ့ရဲ့ဦးချိုကို ခါရမ်းတယ်။ မြေကြီးကို လက်သည်းနဲ့ကုတ်ခြစ်တယ်။ ငေါ့တော့တော့ပြောတယ်။ ကြိမ်းမောင်းဟိန်းဟောက်တယ်။ ဒါပေမဲ့ သူ့သမီးက သူ့လည်ပင်းကိုဖက်ပြီး "ဖေဖေ... ဖေဖေ့ကို သမီး တောင်းဆိုစရာတစ်ခုရှိတယ်" လို့ ပြောလိုက်တဲ့အခါ သူဟာ ကျိုက်ကျိုက်ပွက်နေတဲ့ ဒယ်အိုးထဲ ရောက်သွားတဲ့ ထောပတ်တုံးလိုဖြစ်သွားတော့တာပဲ။

ဂယ်ရီဆင်ကိုင်လော်



mgyoe.com

mgyoe.com

## အဆုံးမဲ့အချစ်

သမီးလေးနဲ့ပတ်သက်တဲ့ မေမေ့ရဲ့ ပထမဆုံး အတွေးကတော့ မေမေ့တစ်ကိုယ်လုံးကို လွှမ်းခြုံထားတဲ့၊ လျှံဝေနေတဲ့အချစ်ပဲ။ မေမေ့ရဲ့ ပထမဆုံးရင်သွေး၊ မေမေ့ရဲ့ သူ့ကိုယ်သူ ကာကွယ်စောင့်ရှောက်နိုင်စွမ်းမရှိတဲ့ မေမေ့ရဲ့ ဒုက္ခိတသမီးကလေးအတွက် မေမေ့ရင်ထဲက ထွက်ပေါ်လာတဲ့ အကြွင်းမဲ့မေတ္တာပါပဲ။

**ရှားပါးသော ရောဂါတစ်ခုခု စွဲကပ်နေ**



mgyoe.com

mgyoe.com

**သည့် သမီးကလေး ဂျေဗီအတွက် မိခင်ဖြစ်သူ ဝင်ဒီ၏ပြောစကား**

သမီးလေးရဲ့မျက်နှာကို မြင်လိုက်ရတဲ့ တစ်ခဏမှာပဲ မေမေ့သမီးလေးကို ချစ်သွားမိပါတယ်။ ဒါပေမဲ့ စောင်ထုပ်ထဲမှာ ထွေးထားတဲ့ အဲဒီအံ့အားသင့်မှုတွေကို မေမေ ဘယ်လိုစပြီး သံသယဝင်နိုင်မှာလဲ။ သမီးလေးဟာ မေမေ့ရဲ့ ဝမ်းမြောက်ပျော်ရွှင်မှု၊ မေမေ့ရဲ့ ဘယ်တော့မှ မဆုံးနိုင်တဲ့ အံ့ဩမှင်တက်မှုရဲ့ အရင်းအမြစ်ပါ။

ပင်မလာဒူဂအေးလ်



mgyoe.com

mgyoe.com

## ဘဝရဲ့ အဓိပ္ပာယ်တစ်ခု

လူတစ်ယောက်ရဲ့ ဘဝဟာ သူ့ကို ဘုရားသခင်က သမီးတစ်ယောက် မပေးမချင်း သဲတွေအတွက်က လွဲပြီး ဗလာနတ္ထိဖြစ်တဲ့ ကန္တာရတစ်ခုလိုပဲဖြစ်လိမ့်မယ်။ ကျွန်တော်ကလည်း ပြောချင်တယ်။ သမီးမရှိတဲ့ ယောကျ်ားတစ်ယောက်ဟာ သမီးလေးတစ်ယောက် မဖြစ်မနေ မွေးစားသင့်တယ်။ အကြောင်းကတော့ အချိန်ရဲ့ လျှို့ဝှက်ချက်နဲ့ အဓိပ္ပာယ်ဟာ မိန်းကလေးငယ်တွေရဲ့ နှလုံးသားတွေထဲမှာ ပုန်းအောင်းနေလို့ပဲ။

ကာဟေးလ်ဂစ်ဘရင်(၁၈၈၃-၁၉၃၁)



mgyoe.com

mgyoe.com

## သူ ပြုံးတယ်

ကျွန်မရဲ့ ချစ်သမီးလေး... အိပ်တယ်၊ ပြုံးတယ်၊ ရယ်တယ်... သူ့ရဲ့မျက်နှာမှာ သိလိုစိတ်နဲ့ မှော်တန်ခိုး အစွမ်းတွေ ပြည့်လျှံလွှမ်းနေတာကြောင့် ကမ္ဘာကြီးဟာ သူ့ကိုဂုဏ်ပြုဖို့ တည်ရှိနေတယ်ဆိုတာ ကျွန်မ သိလိုက်ရပြီ။

ဆယ်လီအီမာတင်
(အလုပ်သို့ နောက်ကြောင်းပြန် စာအုပ်မှ)



mgyoe.com

mgyoe.com

ပျော်ရွှင်မှုကလေးငယ်တစ်ယောက်ဟာ အမြဲတမ်းပဲ ခန္ဓာကိုယ်အသစ်ထဲမှာ နေထိုင်နေတဲ့ ဝိညာဉ်ဟောင်းတစ်ခုနဲ့ တူသလိုလို။ ပြီးတော့ မပြုံးမချင်း သူမရဲ့မျက်နှာက သိပ်ကိုလေးနက်တယ်။ ပြီးတော့ နေမင်းကြီးက ကမ္ဘာကြီးကို လင်းလက်သွားစေတယ်။

အင်းကင်မရှုန်
(ကြေးနီအမျိုးသမီး၏ သမီးများ စာအုပ်မှ)



mgyoe.com

mgyoe.com

သမီးလေးဟာ လေဆင်နှာမောင်းတစ်ခုလို မေမေတို့ရဲ့ ဘဝတွေထဲကို ပြင်းထန်တဲ့အရှိန်နဲ့ ဝင်ရောက်လာတယ်။ မေမေတို့ရဲ့ စိမ်ကိန်းတွေ အားလုံးအပေါ် တော့တီးတော့တနဲ့ ဖြတ်ကျော် လျှောက်လှမ်းခဲ့တယ်။ မေမေတို့ အနှစ်သက်ဆုံး ရုပ်ရှင်ဇာတ်ကားတွေ ကြည့်နေတုန်း အာခေါင် ခြစ်ပြီး အော်ဟစ်ခဲ့တယ်။ အရာအားလုံးအပေါ် သမီးလေး လွှမ်းမိုးကြီးစိုးခဲ့တယ်။ မေမေတို့ရဲ့ ဘဝတွေ ရှင်သန်တက်ကြွလာအောင် သမီး လေး လုပ်ခဲ့တယ်။

စတူးဝပ်နှင့် လင်ဒါမက်ဗာလင်း



mgyoe.com

mgyoe.com

သူနာပြုဆရာမက ကျွန်မရဲ့ သမီးလေးကို ကျွန်မဆီယူလာတော့ ကျွန်မသမီးလေးရဲ့ မျက်နှာကို ကြည့်လိုက်တယ်။ အဲဒီမျက်နှာလေးထဲမှာ ကျွန်မကိုယ်ကျွန်မ တွေ့လိုက်ရတယ်။ သူမရဲ့မျက်လုံးတွေ၊ သူမရဲ့အသားအရေနဲ့ သူမရဲ့ မျက်နှာသွင်ပြင်၊ သူမရဲ့ဝိညာဉ်... အရာအားလုံးဟာ ကျွန်မကိုယ်တိုင်ပါပဲ။ အဲဒီအခိုက်အတန့်ကစလို့ ကျွန်မရဲ့နှလုံးသားဟာ သူ့ရဲ့နှလုံးသားဖြစ်သွားခဲ့ပါတော့တယ်။ တစ်မုဟုတ်ချင်းမှာ ကျွန်မ ထိတ်လန့်သွားမိတယ်။



mgyoe.com

mgyoe.com

အူမြူးသွားမိတယ်။ ဂုဏ်ယူဝင့်ကြွားသွားမိတယ်။ ပြီးပြည့်စုံသွားတယ်။ အဲဒီနေ့မှာ ကျွန်မတို့ဟာ ကျွန်မတို့ရဲ့ ဒီကနေ့အထိ ဆက်ရှိနေခဲ့တဲ့ နှလုံးသားချင်း၊ စိတ်ချင်း၊ ဝိညာဉ်ချင်း ရောနှောပေါင်းစပ်ထားတဲ့ စွယ်တော်ရွက်ဘဝဇာတ်လမ်းကို စတင်ခဲ့ကြတယ်။

နာအိုမိဂျတ်



mgyoe.com

mgyoe.com

ချစ်ခြင်းမြတ်နိုးမှု

ကျွန်တော်တို့ရဲ့သမီးလေး... အိပ်မောကျနေလေရဲ့။ အိပ်ရာခင်းပေါ်မှာ မြင်နေရတဲ့ သူ့လက်သေးသေးလေး ဆုပ်ထားတာက ကျွန်တော့်ရဲ့ နှလုံးသား။

ဟူဂိုဝိလျံ (၁၉၄၂)



mgyoe.com

mgyoe.com

တစ်ခါတစ်ရံ သမီးလေး ပုခက်ထဲမှာ ငြိမ်း ငြိမ်းချမ်းချမ်း အိပ်မောကျနေစဉ်မှာ သမီးလေးရဲ့ လက်သေးသေးလေးကို မေမေ့လက်ထဲ ဆုပ်ကိုင်ထားတတ်တယ်။ သမီးလေးရဲ့ ငြိမ်းချမ်းမှုနဲ့ အေးချမ်းမှုကို ဝေမျှ ခံစားနိုင်ဖို့ပေါ့။

လင်ဒါမက်ဟာလင်း



mgyoe.com